ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ မတ်လ (၁) ရက်

# ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ ၁ / ၂၀၁၃

အကြောင်းအရာ။ **မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးတွင် တင်ပို့ တင်သွင်းခွင့်ပြုသည့် ကုန်ပစ္စည်း အမယ်တိုးမြှင့်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ သတင်းကြေညာချက် ထုတ်ပြန်ခြင်း**

၁။ မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေး သဘောတူညီချက်အရ မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးတွင် တင်ပို့တင်သွင်းခွင့်ပြုသည့် ပစ္စည်းစာရင်း (၄၀)မျိုးအပြင် အောက်ဖော်ပြပါကုန်ပစ္စည်း (၂၂)မျိုးအားဖြည့်စွက်သတ်မှတ်လိုက်ကြောင်း အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့်အထည်အလိပ်ဝန်ကြီးဌာန ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည် -

| စဉ် | ကုန်ပစ္စည်းအမျိုးအမည် (အင်္ဂလိပ်) | ကုန်ပစ္စည်းအမျိုးအမည် (မြန်မာ) |
|---|---|---|
| ၁။ | Agricultural machinery/ equipment/ tools | စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ကိရိယာများ/ အသုံးအဆောင်များ၊တန်ဆာပလာများ |
| ၂။ | Bicycle | စက်ဘီး |
| ၃။ | Bleaching powder | ချွတ်ဆေးမှုန့် |
| ၄။ | Coal | ကျောက်မီးသွေး |
| ၅။ | Edible Oil | စားသုံးဆီ |
| ၆။ | Electrical and Electric Appliances | လျှပ်စစ်ပစ္စည်းများ |
| ၇။ | Fabricated steel products | စတီးပစ္စည်းများ |
| ၈။ | Garments/ readymade garments/ cloths | အထည်များ/အသင့်ဝတ်အထည်များ/ပိတ်စ |
| ၉။ | Handlooms and handicarfts items | ယက်ကန်းထည်နှင့် လက်မှုပစ္စည်းများ |

| | | |
|---|---|---|
| ၁၀။ | Hardware/minor construction materials and electrical fittings | ကုန်မာ/ အသေးစား အိမ်ဆောက်ပစ္စည်းများ နှင့် လျှပ်စစ်တပ်ဆင်ပစ္စည်းများ |
| ၁၁။ | Lime | ထုံး |
| ၁၂။ | Medicines | ဆေးဝါးများ |
| ၁၃။ | Milk powder, tea, edible oil, beverages | နို့မှုန့်၊လက်ဖက်ရည်၊စားဆီနှင့် ဖျော်ရည်မျိုးစုံ |
| ၁၄။ | Motor Cycles & Motor Cycles Spare Parts | မော်တော်ဆိုင်ကယ်နှင့် အပိုပစ္စည်းများ |
| ၁၅။ | Other items such as electronic/musical instruments, stationary items, torch light | လျှပ်စစ်ပစ္စည်းများ၊ ဂီတတူရိယာများ၊ စာရေး ကိရိယာ၊ လက်နှိပ်ဓာတ်မီးစသည့် အခြား ပစ္စည်းများ |
| ၁၆။ | Plastic items: water tank, buckets, chairs,plastic pipes and briefcase | ရေတိုင်ကီ၊ ရေပုံး၊ ကုလားထိုင်၊ ပလပ်စတစ် ပိုက်နှင့် ခရီးဆောင်အိတ်အသေးစသည့် ပလပ်စတစ်ပစ္စည်းများ |
| ၁၇။ | Rice, Wheat, Maize, Millets & Oats | ဆန်၊ဂျုံ၊ ပြောင်း၊ နှံစားပြောင်းနှင့် မြင်းစားဂျုံ |
| ၁၈။ | Scented tobacco | အနံ့ပြင်ထားသော ဆေးရွက်ကြီး |
| ၁၉။ | Semi precious stone | တန်ဖိုးနည်းကျောက်မျက်ရတနာ |
| ၂၀။ | Sewing machines | အပ်ချုပ်စက် |
| ၂၁။ | Textile fabrics | အထည်အလိပ် |
| ၂၂။ | Three wheelers/cars below 100 CC | သုံးဘီးယာဉ်/၁၀၀ စီစီအောက်မော်တော်ယာဉ် |

၂။ သို့ဖြစ်ပါ၍ နယ်စပ်ဒေသများတွင်တင်ပို့တင်သွင်းခွင့်ပြုထားသော ကုန်ပစ္စည်းများ အပြင် မြန်မာ-အိန္ဒိယနယ်စပ်မှ အထက်အပိုဒ်(၁)ပါ ကုန်ပစ္စည်းများကို တိုးချဲ့ဆောင်ရွက်ခွင့်ပြုကြောင်းအသိပေး ကြေညာလိုက်သည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**